सत्यमेव जयते

**အိန္ဒိယနိုင်ငံသံရုံး**

**ရန်ကုန်မြို့**

## သတင်းထုတ်ပြန်ချက်

## ၂၀၂၀ခုနှစ် ဧပြီလ (၉) ရက်နေ့တွင် နှစ်(၇၀) ပြည့်သော

## အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ တည်ထောင်သည့်နေ့

အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီသည် ၎င်း၏နှစ်(၇၀)ပြည့်တည်ထောင်သည့်နေ့ အခမ်းအနားကို ဧပြီလ (၉)ရက်နေ့တွင်ကျင်းပရန်ရှိပါသည်။ သို့သော်လည်း ကြိုတင်စီစဉ်ထားပြီးဖြစ်သော ခမ်းနားစွာ ကျင်းပမည့်အခမ်းအနားများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျှက်ရှိခြင်းကြောင့် တစ်နှစ်ရွှေ့ဆိုင်းလိုက်ပါသည်။

“အိန္ဒိယနိုင်ငံအစိုးရ၏ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီသည် အိန္ဒိယနိုင်ငံ၏ယဉ်ကျေးမှုအားနားလည်စေ ရန်ဆောင်ရွက်လျှက်ရှိပြီး ယခုကာလကဲ့သို့ ကမ္ဘာ့အသိုက်အဝန်းတခုလုံး မကြုံစဖူးသောစိန်ခေါ်မှုကြီးနှင့် ကြုံတွေ့နေရ ချိန်၊ သီးသန့်နေကြရပြီးကူးလူးဆက်ဆံမှုမရှိဟုခံစားနေကြရချိန်တွင် ကမ္ဘာကြီးသည်မိသားစုတစ်စုဖြစ်သည်ဆိုသည့် အိန္ဒိယနိုင်ငံ၏အတွေးအခေါ်သည် အတိတ်ကာလအချိန်များထက်ပို၍ဆီလျော်လာပေသည်။ယခုကဲ့သို့အသွားအလာ ပိတ်ပင်ထားသည့်အခြေအနေမှာပင်လျှင် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီသည် အင်တာနက်မှတဆင့် ယောဂလေ့ကျင့်ခန်းများပို့ချခြင်း၊ ဂန္တဝင်အကသင်တန်းများ သာမက ဟင်ဒီနှင့်သက္ကတဘာသာသင်တန်း များလည်းဖွင့်လှစ်လျှက်ရှိသည်။ကျွန်ုပ်တို့သည် “လုပ်ငန်းများဆက်လက်လည်ပတ်နေရမည်ဆိုသောစိတ်ဓါတ်”ဖြင့် လုပ် ကိုင်နေကြခြင်းဖြစ်ပါသည်။ “ကိုဗစ်-၁၉ ရောဂါအားညီညွတ်စွာရင်ဆိုင်ကြစို့” ဟူသောအဓိကဆိုလိုရင်းဖြင့်တစ်ကမ္ဘာလုံး ဆိုင်ရာအနုပညာပြိုင်ပွဲတစ်ရပ်ကျင်းပရန်ကြေငြာထားပြီးဖြစ်ပါသည်။ထိုကဲ့သို့သောအစီအစဉ်များစွာဖြင့်ယခုကြုံတွေ့ နေရသောအခြေအနေအားပိုမိုကောင်းစွာတုံ့ပြန်နိုင်ကြမည်ဖြစ်ပါသည်” ဟုအိန္ဒိယနိုင်ငံအစိုးရ၏ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီဥက္ကဌ၏သဝဏ်လွှာတွင်ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီအား အိန္ဒိယနိုင်ငံနှင့်ကမ္ဘာကြီးအကြား ယဉ်ကျေး မှုဆိုင်ရာဆက်ဆံရေးနှင့်အပြန်အလှန်နားလည်စေရေးတို့မြှင့်တင်ရန်နှင့်ခိုင်မာလာစေရန်၊

အခြားတိုင်းပြည်များနှင့်နိုင်ငံ သားများနှင့်ယဉ်ကျေးမှုဖလှယ်ရေးများမြှင့်တင်ရန် ဟူသောရည်မှန်းချက်များဖြင့် အိန္ဒိယနိုင်ငံ၏ပထမဆုံးပညာရေးဝန် ကြီး Maulana Abul Kalam Azad မှ ၁၉၅၀ပြည့်နှစ်တွင်တည်ထောင်ခဲ့ပါသည်။ ပြီးခဲ့သောနှစ်ပေါင်း(၇၀)အတွင်း ခိုင်မာသောအဖွဲ့အစည်းတစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရ၏ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အိန္ဒိယနိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များလူသိများ လာစေ ရန်နယ်ပယ်အသစ်များ ရရှိခဲ့ပြီး ကောင်းစွာပုံစံထုတ်ပြီးဦးတည်ချက်ရှိသောအစီအစဉ်များခင်းကျင်းပြသမှုများဖြင့် ပြည်ပ ရေးရာဝန်ကြီးဌာန၏ ပါဝါအပျော့ (soft power) လက်တံတစ်ခုအဖြစ်ပေါ်ထွန်းလာခဲ့ပါသည်။

အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏ ယဉ်ကျေးမှုပညာရေးနှင့်အသိဉာဏ်ဆိုင်ရာတို့ ကျယ်ပြန့်သောဖလှယ်မှုများနှင့်အိန္ဒိယ၏ယဉ်ကျေးမှုအားနိုင်ငံခြားတိုင်းပြည်များတွင်မြှင့်တင်ခြင်းများသည် ၎င်း၏ အိန္ဒိယနိုင်ငံအတွင်းရှိ ဒေသဆိုင်ရာရုံးပေါင်း (၁၉)ခုနှင့်နိုင်ငံခြားတိုင်းပြည်များရှိယဉ်ကျေးမှုဌာနပေါင်း (၃၉)ခုတို့မှတဆင့် အခြားဒေသများတွင်ဆောင်ရွက်ချက်များဖြင့်အိန္ဒိယနိုင်ငံ၏အနုပညာ၊သမိုင်းနှုတ်ပြောခြင်းဖြင့်သယ်ဆောင်လာသော ရိုးရာဓလေ့များ၊အက၊ဂီတ၊ယောဂ၊ဘာသာစ ကားများ၊အစားအစာ၊ပွဲတော်များနှင့်ခေတ်ပြိုင်အကြောင်းအရာများအားခြုံငုံ မိစေပါသည်။

ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်းများတွင် အိန္ဒိယနိုင်ငံ၏ယဉ်ကျေးမှုအားနားလည်စေရေးဖန်တီးမည့်ပိုမိုကြီးမား သောရည်မှန်းချက်အတွက် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏နယ်ပယ်အောက်ရှိအဓိက အစီအစဉ်များအား အောက်ပါအတိုင်းကျယ်ပြန့်စွာအမျိုးအစားခွဲခြားနိုင်ပါသည်။

(၁)အိန္ဒိယ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ၏နိုင်ငံခြားခရီးစဉ်များနှင့်နိုင်ငံခြားတွင်အိန္ဒိယပွဲတော်များကျင်းပခြင်းတို့ အားကမကထပြုပေးခြင်းဖြင့်အိန္ဒိယ အနုပညာပုံစံများအား အများသိစေရန်မြှင့်တင်ခြင်း။

(၂)နိုင်ငံခြားမှယဉ်ကျေးမှုအဖွဲ့များနှင့်အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုပွဲတော်များအား အိန္ဒိယနိုင်ငံတွင်လက်ခံကျင်းပ ခြင်း။

(၃)အိန္ဒိယနိုင်ငံနှင့်နိုင်ငံခြားတိုင်းပြည်များတွင်အနုပညာနှင့်လက်မှုပညာပြပွဲများကျင်းပခြင်း။

(၄)အိန္ဒိယနိုင်ငံ၏လေးစားဖွယ်ပုဂ္ဂိုလ်တို့၏ကိုယ်တပိုင်းပုံနှင့်ရုပ်တုများအားနိုင်ငံခြားသို့လက်ဆောင်ပေးခြင်း။

(၅)နိုင်ငံတကာမှကျောင်းသားကျောင်းသူများအတွက်ပညာသင်ဆုအစီအစဉ်များစီမံဆောင်ရွက်ပေးခြင်း။

(၆)နိုင်ငံခြားအဖွဲ့အစည်းများ/တက္ကသိုလ်များတွင် အိန္ဒိယနိုင်ငံသားဘွဲ့ရကျောင်းသားများအတွက်သုတေသနထောက်ပံ့ ကြေးအစီအစဉ်များပေးအပ်ခြင်း။

(၇)အိန္ဒိယနိုင်ငံအကြောင်းတစေ့တစောင်းပေးအပ်ရန်အတွက်နိုင်ငံခြားမှထင်ရှားသောပုဂ္ဂိုလ်များ ပညာရှင်များအား ဖိတ်ကြားခြင်း။

(၈)ဆုများပေးအပ်ခြင်း (ကျောင်းသားကျောင်းသူဟောင်းများ၊ အိန္ဒိယနိုင်ငံအကြောင်း နှင့် သက္ကတဘာသာ)။

(၉)အိန္ဒိယဘာသာစကားများ (အထူးသဖြင့် ဟင်ဒီနှင့်သက္ကတဘာသာ)နှင့်အိန္ဒိယစာပေတို့အားနိုင်ငံခြားတွင်လူအများသိနားလည်စေရန်မြှင့်တင်ခြင်း။

(၁၀)နိုင်ငံခြားတိုင်းပြည်များတွင် ယောဂလေ့ကျင့်မှုများမြှင့်တင်ခြင်းနှင့်အပြည်ပြည်ဆိုင်ရာယောဂနေ့ကျင်းပခြင်း။

(၁၁)နှစ်ပတ်လည်ဟောပြောပွဲများကျင်းပခြင်း(မေလ ၂၁တွင်ကျရောက်သော ကမ္ဘာ့ယဉ်ကျေးမှုနေ့အထိမ်းအမှတ် Deen Dayal Upadhaya သတိရအောက်မေ့ပွဲ)

နှစ်ပေါင်းများစွာအတွင်းတွင် စိတ်ကူးစိတ်သန်းများနှင့်ယဉ်ကျေးမှုများအားရောနှောကောင်းမွန်ရန်ပြုလုပ်လျှက် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီသည်ကျွန်ုပ်တို့၏နှစ်ပေါင်းထောင်ချီပြီဖြစ်သည့်မြို့ပြဆိုင်ရာယဉ်ကျေးမှုနှင့်ယဉ်ကျေးမှုဆိုင်ရာတန်ဘိုးတို့ကိုကမ္ဘာသို့ယူဆောင်ပေးခဲ့ပြီး ကမ္ဘာကြီးသည်မိသားစုတစ်စုဖြစ်သည်ဆိုသောရည်မှန်းချက်အားမြှင့်တင်ပေးခဲ့သည်။ထိုသို့ကမ္ဘာသို့ဉာဏ်အလင်းပွင့်လင်းစေသောစိတ်ထားသွင်းပေးထားသည့် ICCR ကျောင်းသား ကျောင်းသူဟောင်းများ သည် ICCR ၏သတင်းစကားအားပျံ့နှံ့စေသောသူများပင်ဖြစ်သည်။ICCR သည်ယခုအခါနှစ်စဉ် ဘွဲ့ကြို/ဘွဲ့လွန်/ဒေါက်တာဘွဲ့နှင့် ဒေါက်တာဘွဲ့လွန်ကျောင်းသားပေါင်း ၄၀၀၀ ခန့်အား အိန္ဒိယတက္ကသိုလ်များ/အဖွဲ့အစည်းများတွင်ပညာသင်ဆုများပေးလျက်ရှိသည်။

အသိဉာဏ်ဗဟုသုတရှာဖွေခြင်းသည်အိန္ဒိယ ယဉ်ကျေးမှုနှင့်လူမှုအဖွဲ့အစည်းအတွက်အခြေခံဖြစ်ပါသည်။ရှေးပဝေသဏီအချိန်ကတည်းက အိန္ဒိယနိုင်ငံသည် ကမ္ဘာတဝှမ်းရှိ အသိဉာဏ်ရှာဖွေသူများနှင့်စူးစမ်းလိုစိတ်ရှိသူများအားစွဲဆောင်ထားခဲ့သည်။အိန္ဒိယနိုင်ငံသည်သင်ကြားမှုအတွက်ဗဟိုချက်ဌာနဆက်လက်ဖြစ်နေသကဲ့သို့ ညီလာခံများ၊ ဆွေးနွေးပွဲများ၊အိန္ဒိယနိုင်ငံသားပညာရှင်များနှင့်အိန္ဒိယအဖွဲ့အစည်းများ၏ကျောင်းသားကျောင်းသူတို့၏ဆောင်ရွက်ချက်များဖြင့်ပညာရေးဖလှယ်မှုများမြှင့်တင်လျှက်ရှိသည်။

ဆယ်စုနှစ် (၇)စုတိုင်အောင်တည်ရှိနေခြင်းသည်ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ကျွန်ုပ်တို့ရင်ဆိုင်ရလျှက်ရှိသော ဆက်လက်ဖြစ်ပွားနေဆဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ICCR သည် ဧပြီလ (၉)ရက်နေ့တွင်ကျရောက်သောဋ္ဌင်း၏တည်ထောင်သောနေ့အခါသမယအားအမှတ်တရဖြစ်စေရန်အိန္ဒိယနိုင်ငံနှင့်နိုင်ငံခြားတိုင်းပြည်များတွင် အင်တာနက်အသုံးပြုလျှက်အမျိုးမျိုးသောလုပ်ဆောင်ချက်များအားပြုလုပ်လျှက်ရှိပါသည်။နိုင်ငံတကာကျောင်းသားကျောင်းသူ များနှင့်နိုင်ငံခြားရောက်အိန္ဒိယနွယ်ဖွားများအတွက် အက်ဆေးပြိုင်ပွဲများအား အိန္ဒိယနိုင်ငံနှင့်ကမ္ဘာတဝှမ်းလုံးတွင်ကျင်း ပသွားမည်ဖြစ်ပါသည်။ အိန္ဒိယတွင်ပညာသင်ကြားနေသော ICCRကျောင်းသားများ၏ဘလော့ဂ်နေရာ တစ်ခုကိုစတင်လွှင့်တင်ပါမည်။ပြည်ပဌ္ဌရှိသောကျွန်ုပ်တို့၏အိန္ဒိယမစ်ရှင်များသည်သက်ဆိုင်ရာနိုင်ငံများမှအသိအမှတ်ပြုသောနေ့ဌ္ဌသင့်တင့်လျောက်ပတ်စွာထိုသို့လွှင့်တင်သောနေ့အခမ်းအနားကိုကျင်းပမည်။

၂၀၂၀ခုနှစ် ဧပြီလ (၉) ရက်နေ့
ရန်ကုန်မြို့